# စက်ဘီးဖြင့်လမ်းစည်းကမ်းဖောက်ဖျက်လျှင်ဒဏ်ငွေရိုက်မည် !

**2026.4.1 မှ စတင်မည်။**

- စက်ဘီးဖြင့် လမ်းစည်းကမ်းကိုမလိုက်နာလျှင်၊ ယာဉ်စည်းကမ်းဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။
- ယာဉ်စည်းကမ်းဥပဒေကိုချိုးဖောက်လျှင် ဒဏ်ငွေပေးဆောင်ရမည်။
- ချိုးဖောက်သူ (ဒဏ်ငွေပေးဆောင်ရမည့်သူ) သည် အသက် ၁၆ နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။



## လမ်းစည်းကမ်းဖောက်ဖျက်မှုအမျိုးအစားများ

※စက်ဘီးဖြင့်လမ်းစည်းကမ်းဖောက်ဖျက်မှုစုစုပေါင်း ၁၁၃ မျိုးရှိသည်။ ဤတွင်ရေးမထားသောဖောက်ဖျက်မှုများလည်းရှိသည်။

※မသိနားမလည်သည်များကို အနီးအနားရှိရဲစခန်းတွင်မေးပါ။

① 
လက်ကိုင်ဖုန်းသုံးရင်း
စက်ဘီးမစီးရပါ။
ဒဏ်ငွေ ￥12,000

② 
ရထားလမ်းမဖြတ်ခင်၊
ခဏရပ်ပြီး အန္တရာယ်
ကင်းမကင်း ကြည့်ရမည်။
ဒဏ်ငွေ ￥6,000

③ 
မီးပွိုင့်ကိုလိုက်နာရမည်။
မီးစိမ်းပြမှ သွားရမည်။
ဒဏ်ငွေ ￥6,000

④ 
ကားလမ်း၏
ညာဘက်ခြမ်းမှာ မစီးရပါ။
ဒဏ်ငွေ ￥6,000

⑤ 



『ရပ်ပါ』 ဆိုင်းဘုတ်ရှိသည့်
နေရာတွင်ခဏရပ်ပြီး အန္တရာယ်
ကင်းမကင်း ကြည့်ရမည်။
ဒဏ်ငွေ ￥5,000



⑥ 
နားကြပ်တပ်ပြီး သီချင်း
နားထောင်ခြင်း စသည့်
ပတ်ဝန်းကျင်မှအသံကို
မကြားနိုင်သည့်အခြေအနေဖြင့်
စက်ဘီးမစီးရပါ။
ဒဏ်ငွေ ￥5,000

⑦ 
ထီးဆောင်းရင်း
စက်ဘီးမစီးရပါ။
ဒဏ်ငွေ ￥5,000

⑧ 
ကြီးမားသော ပစ္စည်းကို
စက်ဘီးပေါ်တင်၍မစီးရပါ။
ဒဏ်ငွေ ￥5,000

⑨ 
ညဘက်တွင်၊ စက်ဘီးမီးကို
ဖွင့်၍စီးရမည်။
ဒဏ်ငွေ ￥5,000

⑩ 
အခြားစက်ဘီးနှင့်အတူ
ရင်ဘောင်တန်း၍မစီးရပါ။
ဒဏ်ငွေ ￥3,000

⑪ 
စက်ဘီးပေါ်တွင် အခြားလူ
တင်မစီးရပါ။
ဒဏ်ငွေ ￥3,000

ကလေးထိုင်ခုံသုံးလျှင်၊ မူလတန်းမတက်မီ
ကလေး (၆ နှစ်သားအထိ) နှင့်အတူ စီးနိုင်သည်။
စက်ဘီးနင်းသူသည် ၁၆ နှစ်နှင့်အထက်
ဖြစ်ရမည်။ ကလေး ၂ ယောက်အထိ
တင်နိုင်သည်။




⑫ 
လူသွားလမ်းပေါ်တွင်မစီးရပါ။ ဒဏ်ငွေ ￥6,000
အောက်ပါ 1～3 ၏အခြေအနေတွင် လူသွားလမ်းပေါ်
စီးနိုင်သည်။
1 လူသွားလမ်းပေါ် စီးနိုင်သည်ဆိုသောဆိုင်းဘုတ်ရှိလျှင်။
2 ၁၂ နှစ်အောက်ကလေး၊ အသက် ၇၀ အထက်၊ ကိုယ်လက်မသန်စွမ်းသူ။
3 ကားလမ်းပေါ်တွင်ကားများသည့်အချိန်၊ ကားလမ်းကျဉ်းသည့်နေရာ။

ဆိုင်းဘုတ်


- လမ်းစည်းကမ်းဖောက်ဖျက်လျှင်၊ ရဲအရာရှိမှ အပြာရောင်ဆင့်စာ (လမ်းစည်းကမ်းဖောက်ဖျက်မှုအကြောင်းကြားစာ) နှင့် ဒဏ်ငွေပေးဆောင်ရန်စာရွက် (ငွေသွင်းစာရွက်) ကို ပေးပါမည်။
- သတ်မှတ်ရက်မတိုင်မီ၊ ငွေသွင်းစာရွက်ဖြင့် ဘဏ်/စာတိုက်စသည်တို့တွင် ဒဏ်ငွေပေးဆောင်ပါက ကိစ္စပြီးပါပြီ။
- သတ်မှတ်ရက်အထိ၊ ဒဏ်ငွေမပေးဆောင်ပါက၊ တရားရုံးတွင် အမှုရင်ဆိုင်ရနိုင်ပါသည်။



အပြာရောင်ဆင့်စာ


ဒဏ်ငွေပေးဆောင်ရန်စာရွက်

じてんしゃ　るーる　まも　あんぜん
**自転車も ルールを守って 安全に！**



ぎふけんけいさつ
**岐阜県警察**

ぎふけん けいさつ こうしき
岐阜県警察公式 Facebook
https://www.facebook.com/GifuPrefecturalPolice